# ပြည်တွင်းတွင် နေထိုင်လျှက်ရှိသော နိုင်ငံခြားသား(၁၈နှစ်အထက်) Novavax ကာကွယ်ဆေး ထိုးနှံခြင်း လမ်းညွှန်

မကြာသေးမီက ကိုရိုနာ ၁၉ ကူးဆက်ခံရသူများထဲတွင် နိုင်ငံခြားသားများ ကူးဆက်ခံရမှုနှုန်းမှာ မြင့်တက်လျှက်ရှိပါသည်။ တဖက်မှာလည်း နိုင်ငံခြားသား ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးနှံမှုနှုန်းမှာ ကိုရီးယားနိုင်ငံသားများနှင့် နှိုင်းယှဉ်လျှင် ကျဆင်းနေသည်ကို တွေ့ရှိရပြီး ကိုရီးယားနိုင်ငံတွင် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရန် ကိုရိုနာ ၁၉ ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံကြဖို့ တိုက်တွန်းအပ်ပါသည်။
**ပြည်တွင်းတွင် (ရက် ၉၀ အထက်) ကာလရှည် နေထိုင်လျှက်ရှိသော (၁၈နှစ် အထက်) နိုင်ငံခြားသားသည် ကိုရိုနာ ၁၉ ကာကွယ်ဆေးကို အခမဲ့ ထိုးနှံနိုင်ပါသည်။**

○ **Novavax ကာကွယ်ဆေးသည်**(NVX) ယခင်မူလ ပရိုတင်းနှင့် ထပ်မံပေါင်းစပ်သော နည်းလမ်းဖြင့် ထုတ်လုပ်ထားသော ကာကွယ်ဆေးဖြစ်ပြီး HPV, Bပိုး စသည့် အမျိုးမျိုးသော ကာကွယ်ဆေးများ ထုတ်လုပ်ပုံနှင့် တူညီသော နည်းလမ်းဖြင့် ထုတ်လုပ်ထားပါသည်။ mRNA ကာကွယ်ဆေး (Pfizer, Moderna) များ၏ ထူးခြား တုံ့ပြန်မှုများကို စိုးရိမ်ပြီး ပထမ၊ ဒုတိယ၊ တတိယအကြိမ် ကာကွယ်ဆေး မထိုးရသေးသော အသက် ၁၈နှစ် အထက် နိုင်ငံတွင်း နေထိုင်သူ နိုင်ငံခြားသားများသည် ဖေဖော်ဝါရီ ၁၄ရက်နေ့မှ စတင်၍ Novavax ကာကွယ်ဆေးကို ထိုးနှံနိုင်ပါသည်။

- ကျန်းမာရေး အာမခံ မရှိလျှင်လည်း ကိုရိုနာ ၁၉ Novavax ကာကွယ်ဆေးကို ထိုးနှံပေးနေသော ကျန်းမာရေးဌာနများနှင့် ကျန်းမာရေးစင်တာများတွင် သွားရောက်ထိုးနှံနိုင်ပါသည်။.

**○ ဘိုကင်ယူခြင်း . ကာကွယ်ဆေးထိုးနှံနိုင်သည့် နည်းလမ်း**

**၁။ မှတ်ပုံတင်ထားသည့် နိုင်ငံခြားသား** : နိုင်ငံခြားသား မှတ်ပုံတင်နံပါတ်ကို အသုံးပြုပြီး online (သို့) ဖုန်းဖြင့် ဘိုကင်ရယူနိုင်သည်။

* Online ဘိုကင် – ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးနှံရန် ဘိုကင်စနစ်အတွက် (https://ncvr.kdca.go.kr) ဒီလင့်မှ ဝင်ပြီး ကိုယ်တိုင်ဖြစ်ကြောင်း စစ်ဆေးပြီး ဘိုကင်ယူကာ(2.21.~) → ကျန်းမာရေး စင်တာနှင့် တာဝန်ယူထားသော ကျန်းမာရေး ဌာနများတွင် ထိုးနှံရန် (3.7.~)

** ဖုန်း ဘိုကင် – Novavax ကာကွယ်ဆေး ထိုးနှံနိုင်သော ကျန်းမာရေး ဌာနနှင့် ကျန်းမာရေး စင်တာများသို့၌ ဖုန်းဖြင့် ကာကွယ်ဆေး လက်ကျန်ကို စစ်ဆေးပြီးနောက် ဘိုကင်လုပ်နိုင်သည် (2.14.~) → ထို့နောက် နေ့တွင်းခြင်း သွားရောက် ထိုးနှံရန်(2.14.~)

**၂။ မှတ်ပုံတင်ထားခြင်း မရှိသည့် နိုင်ငံခြားသား(တရားမဝင် နေထိုင်လျှက်ရှိသော နိုင်ငံခြားသား အပါအဝင်)** : ကျန်းမာရေးစင်တာတွင် ယာယီတိုကင်နံပါတ်ယူပြီး online မှ (ကိုယ်စား ဘိုကင်ယူခြင်း) (သို့) ဖုန်းဖြင့် ဘိုကင်ယူနိုင်သည်။

* Online(ကိုယ်စားဘိုကင်ယူခြင်း) – ကိုရိုနာ ၁၉ ထိုးနှံရန် ဘိုကင်စနစ်အတွက် (https://ncvr.kdca.go.kr) ဒီလင့်မှ ဝင်ပြီး ကိုယ်စားလျှောက်ထားသူ ကိုယ်တိုင်ဖြစ်ကြောင်း စစ်ဆေးပြီး ဘိုကင်ရယူနိုင်သည်(2.21.~) → ကျန်းမာရေး စင်တာနှင့် တာဝန်ယူထားသော ကျန်းမာရေးဌာနများတွင် ထိုးနှံနိုင်သည် (3.7.~)

** ဖုန်း ဘိုကင် – Novavax ကာကွယ်ဆေး ထိုးနှံနိုင်သော ကျန်းမာရေး ဌာနနှင့် ကျန်းမာရေး စင်တာများသို့၌ ဖုန်းဖြင့် ကာကွယ်ဆေး လက်ကျန်ကို စစ်ဆေးပြီးနောက် ဘိုကင်လုပ်နိုင်သည်(2.14.~) → ထို့နောက် နေ့တွင်းခြင်း သွားရောက် ထိုးနှံရန်(2.14.~)

*** ယာယီတိုကင်နံပါတ် ရယူရာတွင် တရားဝင် မှတ်ပုံတင်ကဒ် မရှိသည့်အခါ မိုဘိုင်းဖုန်းနံပါတ် (မိမိ (သို့) ရင်းနှီးသူ)၊ email (သို့) နေထိုင်ရာလိပ်စာ တစ်ခုခု ရှိလျှင် ရယူနိုင်သည်။

**၃။ Novavax ကာကွယ်ဆေး (NVX) တတိယ အကြိမ် ထိုးနှံခြင်း**

* NVX-NVX ၂ကြိမ် ထိုးနှံပြီးနောက် NVX တတိယ ထိုးနှံခြင်း : online ဘိုကင်တင်ခြင်းနှင့် ဖုန်းဘိုကင်အတွက် နေ့တွင်းခြင်း ထိုးနှံနိုင်သည်။

** အခြား ကာကွယ်ဆေး (mRNA, AZ, J) ထိုးပြီးနောက် ၄င်း ကာကွယ်ဆေးနှင့် ပတ်သက်ပြီး မထိုးချင်လျှင်သော်လည်းကောင်း၊ ကာလကျော်လွန်သွားလျှင်သော်လည်းကောင်း ဆရာဝန် လမ်းညွှန်ချက်ဖြင့် NVX ကို တတိယအကြိမ် ထိုးခြင်းအတွက် ဖုန်းဘိုကင်လုပ်ပြီး နေ့တွင်းခြင်းသာ ထိုးနှံနိုင်သည်။

※ သတိပြုရန်

- မိမိနှင့် ပတ်သက်သော ကိုယ်ရေးအချက်အလက်များမှာ ကာကွယ်ဆေး ထိုးရန် ရည်ရွယ်ချက်ဖြင့်သာ အသုံးပြုသွားမည်ဖြစ်ပြီး၊ တိုင်ကြားခြင်းကင်းလွတ်ခွင့်စနစ်အရ လူဝင်မှုကြီးကြပ်ရေး နိုင်ငံခြားသားရေးရာ ဌာနသို့ တရားမဝင် နေထိုင်နေကြောင်းကို သတင်းပေးမည်မဟုတ်ပါ။
- အခြား အသေးစိတ် အချက်အလက်များကို Korea Disease Control and Prevention Agency (PDCA) ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးခြင်းဆိုင်ရာ webpage (https://ncv.kdca.go.kr) တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။

질병관리청